# ရာထူးတိုးမြှင့်ရေးဆိုင်ရာအဆိုပြုတင်ပြလာမှုများအပေါ် စိစစ်သဘောတူညီချက်ပြန်ကြားဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ)၊ ၃၄(ဂ)၊ ၃၇(င) နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းအမှုထမ်း (လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) အဆင့် နှင့် ( လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )အဆင့် များအား ပြန်တမ်းဝင်အရာရှိ( လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ )အဆင့် လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ပြန်ကြားပေးခဲ့ပါသည်။

၂။ ၂၆ - ၅ - ၂၀၂၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် ( ၁၃ / ၂၀၂၁ )၌ အောက်ဖော်ပြပါ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း(၅) ခုမှ ပေးပို့လာသော ရာထူးတိုးမြှင့်ရေး အဆိုပြုချက် (၇) ခုပါ သတ်မှတ်လုပ်သက်ပြည့်မီသည့်ဝန်ထမ်း (၂၁၉)ဦးတို့အား တိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာနနှင့်<br>အဖွဲ့အစည်း | အဆိုပြု<br>ဝန်ထမ်းဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့်<br>အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု<br>ကော်မတီအစည်းအဝေးမှ<br>ရာထူးတိုးမြှင့်ခန့်ထားရန်<br>သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု<br>ရာထူးဝန်အဖွဲ့မှ<br>အဆိုပြုချက်လက်ခံ<br>ရရှိသည့်နေ့ရက် | လိုအပ်သည့်<br>အချက်အလက်များ<br>ပြီးပြည့်စုံသည့်<br>နေ့ရက် | ပြည်ထောင်စုရာထူးဝန်<br>အဖွဲ့ အစည်းအဝေးက<br>သဘောတူညီခဲ့သည့်<br>နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၁။ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | (၈၀)ဦး | ၄-၅-၂၀၂၁ | ၁၂-၅-၂၀၂၁ | ၂၁-၅-၂၀၂၁ | ၂၆-၅-၂၀၂၁<br>(၁၃/၂၀၂၁) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၂။ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန<br>- ပြည်ထောင်စုဝန်ကြီးရုံး | (၈)ဦး | ၂၈-၄-၂၀၂၁ | ၇-၅-၂၀၂၁ | ၁၇-၅-၂၀၂၁ | ၂၆-၅-၂၀၂၁<br>(၁၃/၂၀၂၁) |
| ၃။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန<br>- လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာန | (၆၀)ဦး | ၂၈-၄-၂၀၂၁ | ၁၇-၅-၂၀၂၁ | ၂၁-၅-၂၀၂၁ | ၂၆-၅-၂၀၂၁<br>(၁၃/၂၀၂၁) |
| ၄။ | ပညာရေးဝန်ကြီးဌာန<br>- သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန | (၆၇)ဦး | ၁၂-၄-၂၀၂၁ | ၄-၅-၂၀၂၁ | ၁၇-၅-၂၀၂၁ | ၂၆-၅-၂၀၂၁<br>(၁၃/၂၀၂၁) |
| ၅။ | ဆောက်လုပ်ရေးဝန်ကြီးဌာန<br>- လမ်းဦးစီးဌာန | (၄)ဦး | ၈-၄-၂၀၂၁/<br>၂-၄-၂၀၂၁ | ၂၀-၅-၂၀၂၁ | ၂၄-၅-၂၀၂၁ | ၂၆-၅-၂၀၂၁<br>(၁၃/၂၀၂၁) |